# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ကရင်ပြည်နယ်အစိုးရအဖွဲ့

# ကရင်ပြည်နယ်လမ်းနှင့် တံတားများဥပဒေ

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက်များ | ၂ |
| ၃။ | အခန်း (၃) | တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃ |
| ၄။ | အခန်း (၄) | တားမြစ်ချက်များ | ၅ |
| ၅။ | အခန်း (၅) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၆ |
| ၆။ | အခန်း (၆) | အထွေထွေ | ၈ |

# ကရင်ပြည်နယ် လမ်းနှင့် တံတားများဥပဒေ

## (၂၀၁၅ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ )

## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

## (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကရင်ပြည်နယ်လမ်းနှင့် တံတားများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန**ဆိုသည်မှာ ပြည်နယ်လမ်းဦးစီးဌာနနှင့် ပြည်နယ်တံတားဦးစီးဌာနကို ဆိုသည်၊

(စ) **လမ်း**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းသည့် လမ်းများမှအပ အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းများကို ဆိုသည်၊ ယင်းစကားရပ်တွင် လမ်း၏တစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များလည်း ပါဝင်သည်၊

(ဆ) **တံတား**ဆိုသည်မှာ အစိုးရအဖွဲ့မှ ထုတ်ပြန်၍ သတ်မှတ်ထားသည့် တံတားများကို ဆိုသည်၊ ယင်းစကားရပ်တွင် တံတားတစ်ဖက်တစ်ချက်စီရှိ တံတားနယ်နိမိတ်များလည်း ပါဝင်သည်၊

(ဇ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်၊

(ဈ) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်၊

(ည) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ၊ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်၊

(ဋ) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာတစ်မျိုးမျိုးကို ဆိုသည်၊

(ဌ) **အသုံးပြုသူ**ဆိုသည်မှာ လမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းဖြင့် အသုံးပြုသူကို ဆိုသည်၊

(ဍ) **အသုံးပြုခြင်း**ဆိုသည်မှာ လမ်းနှင့် တံတားကိုတစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်၊

(ဎ) **အသုံးပြုခ**ဆိုသည်မှာ လမ်းနှင့် တံတားကိုတစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်၊

(ဏ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကြီးကြပ်ရန် အစိုးရအဖွဲ့က သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်၊

(တ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လမ်းနှင့် တံတားများဖောက်လုပ်ခြင်းဖြင့် ကျေးရွာတစ်ရွာနှင့် တစ်ရွာ၊ မြို့နယ်တစ်ခုနှင့် တစ်ခု၊ ခရိုင်တစ်ခုနှင့် တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်နယ်အတွင်း လိုအပ်သောလမ်းနှင့် တံတားအသစ်များ ဖောက်လုပ်တည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုစေရန်၊

(ဃ) လမ်းနှင့် တံတားများတိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ပြည်နယ်အတွက် အခွန်အခများ ရရှိနိုင်ရန်။

## အခန်း (၃)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည် -

(က) အသုံးပြုခကောက်ခံရမည့် လမ်းနှင့် တံတားများကို သတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခကောက်ခံရန်နှုန်းထား သတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

၅။ ဝန်ကြီးသည် -

(က) ပြည်နယ်အတွင်းလမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့် တံတားများဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်း၊

(ဂ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများနှင့် ချိတ်ဆက်မည့် လမ်းနှင့် တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းများချမှတ်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းနှင့် တံတားများ၏ နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(စ) ပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းများဖောက်လုပ်ရန်၊ တိုးချဲ့ရန်လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းပေးခြင်း၊

(ဆ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဈ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများဖောက်လုပ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) ပြည်နယ်အတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပေါင်းစပ်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၆။ ဦးစီးဌာနသည် -

(က) ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများဖောက်လုပ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်း လိုအပ်သောလမ်းနှင့် တံတားများအသစ်ဖောက်လုပ် တည်ဆောက်ရေးအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့်ထိန်းသိမ်းခြင်း၊

(စ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများ၏ နယ်နိမိတ်အတွင်းသစ်ပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) ပြည်နယ်အတွင်းရှိ လမ်းများ၏ လမ်းပခုံးသားအကျယ်သတ်မှတ်ခြင်း၊

(ဇ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း၊ လမ်းနှင့် တံတားများပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် ပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့်ဘီးအမျိုးအစားများကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကို

လည်းကောင်း၊ ယာဉ်နှင့် လှည်းတွင်အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများပျက်စီးမှုမှ ကာကွယ်ရန်လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဌ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းနှင့် တံတားများ၏ နယ်နိမိတ်အတွင်းအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်၍ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း၊

(ဍ) ပြည်နယ်အတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့် တံတားဂိတ်များအား မရိုးမဖြောင့်သောသဘောဖြင့် ရှောင်ကွင်းမောင်းနှင်၍ လမ်းမပေါ်သို့ ပြန်တက်သည့် ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့် ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်းပြုနိုင်သည်။

၇။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၈။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသောနှုန်းထားအတိုင်း ကောက်ခံရမည်။

၉။ ဦးစီးဌာနသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့အား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)

## တားမြစ်ချက်များ

၁၀။ မည်သူမျှ အသုံးပြုခပေးဆောင်ခြင်းကို ပျက်ကွက်ခြင်းမရှိစေရ။

၁၁။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်းမပြုရ။

၁၂။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။

၁၃။ ပြည်နယ်အတွင်းရှိ ဖြတ်သန်းခကောက်ခံသည့် လမ်း၊ တံတားဂိတ်များကို မရှိးမဖြောင့်သော သဘောဖြင့် ရှောင်ကွင်းမောင်းနှင်၍ လမ်းမပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်ခြင်း၊ တန်ပိုတင်ဆောင်သည့် ယာဉ်ပေါ်မှ ကုန်စည်များကို အခြားယာဉ်ဖြင့် ရွှေ့ပြောင်းသယ်ဆောင်ခြင်းစသည့် စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို မပြုရ။

## အခန်း (၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းစသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းစသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းစသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောက်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

၁၈။ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

(က) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများ၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း။

၁၉။ (က) မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းနှင့် တံတားနယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ် ကျခံစေရမည်၊

(ခ) မည်သူမဆို ပုဒ်မ ၁၉ (က) ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်း အထိ ငွေဒဏ်ကျခံစေရမည်။

၂၀။ မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည် -

(က) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများအပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့်ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင် ခြင်း၊ ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများ၏ နယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း၊ ဖျက်ဆီးခြင်း၊

(ဃ) ဦးစီးဌာနက အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း၊ ဟန့်တား ခြင်း၊

(င) လမ်းနှင့် တံတားများနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊ တံတား နှင့် မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်းနှင့် တံတားများနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊

(ဆ) လမ်းနှင့် တံတားများနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေး စားသောက်ဆိုင်များ၊ ဈေးဆိုင်များဆောက်လုပ်တည်ခင်းရောင်းချခြင်း။

၂၁။ မည်သူမဆို အောက်ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်-

(က) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများပျက်စီးခြင်းမှ ကာကွယ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများတွင် လှည်းနှင့် တိရစ္ဆာန်များဖြတ်သန်းသွား လာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ခြင်း၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများပေါ်တွင် သွားလာမှုကို နှောင့်ယှက်၍သော်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်း။

၂၂။ (က) မည်သူမဆို မိမိ၏ ပြုလုပ်မှုကြောင့် လမ်းနှင့် တံတားများပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်၊

(ခ) ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် လမ်းနှင့် တံတားများထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကိုသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်၍ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုတောင်းခံနိုင်သည်။

## အခန်း (၆)

## အထွေထွေ

၂၃။ အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ လုပ်ငန်းလိုအပ်ချက်အရ ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများကို ဖြတ်သန်း၍ မြေပေါ် သို့မဟုတ် မြေအောက် ပိုက်လိုင်း၊ လျှပ်စစ်ဓါတ်အားလိုင်း၊ ကြေးနန်းလိုင်းဆက်သွယ်ခြင်းနှင့် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်လိုလျှင် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၂၄။ ဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းနှင့် တံတားများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း၊ လူနေအိမ်အဆောက်အဦများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲမြို့ပြဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။

၂၅။ ပြည်နယ်အတွင်းရှိ လမ်းနှင့် တံတားများ၏ စံချိန်စံညွှန်း၊ သက်တမ်း၊ ကုန်ကျစရိတ်နှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ဝန်ကြီးဌာနက မှတ်တမ်းတင်ထိန်းသိမ်းထားရှိရမည်။

၂၆။ အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဦးစီးဌာနသည် လမ်းနှင့် တံတားများအသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူသိရှိနိုင်စေရန် ဆောင်ရွက်ရမည်။

၂၇။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များမထုတ်ပြန်မီ လမ်းမကြီးများဥပဒေနှင့် လမ်းနှင့် တံတားများအသုံးပြုခြင်းဆိုင်ရာဥပဒေတို့အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန် နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( ဇော်မင်း)
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့